VANTAGE Tower

Yangon, Myanmar

သတင်းထုတ်ပြန်ချက်

<u>ချက်ချင်းထုတ်ပြန်ရန်</u>

# **Vantage Tower** တွင် ရုံးခန်းအားလုံးငှားရမ်းပြီးစီးကြောင်းနှင့် အသစ်ထပ်မံဝင်ရောက်လာသည့် ကုမ္ပဏီများအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း သတင်းထုတ်ပြန်ချက်



၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်၊ ရန်ကုန်မြို့ - Myint & Associates Construction ကုမ္ပဏီ လီမိတက်သည် အင်းယားကန်၏အနောက်ဘက်ခြမ်းမြင်ကွင်းကို လှမ်းမျှော်တွေ့မြင်နိုင်သော အထင်ကရစီးပွားရေးအဆောက်အဦတစ်ခုဖြစ်သည့် Vantage Tower တွင် ကုမ္ပဏီအသစ်နှစ်ခုအား ရုံးခန်းငှားရမ်းရေးစာချုပ်များကို ထပ်မံချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ၄င်းတို့မှာ ထိုင်းနိုင်ငံအခြေစိုက် ရေနံနှင့်

623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +95 1 230 7770 Fax : +95 1 230 7788 email : info@vantage-tower.com www.vantage-tower.com

သဘာဝဓာတ်ငွေ့ကုမ္ပဏီဖြစ်သော PTTEP International နှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ဆေးဝါးကုမ္ပဏီဖြစ်သော Roche Pharma ၏ မြန်မာနိုင်ငံဆိုင်ရာကုမ္ပဏီခွဲ Roche Myanmar Company Ltd. (Roche) တို့ဖြစ်ပြီး၊ ယခုအခါ Vantage Tower ၏ ရုံးခန်းငှားရမ်းရန် လျာထားသည့် အလွှာအားလုံးကို ရာနှုန်းပြည့်ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။

Vantage Tower သည် အဆင့်မြင့်ရုံးခန်းနေရာများ၊ အစားအစာနှင့် အဖျော်ယမကာဆိုင်များ ပါဝင်သော ၂၃၆,၁၄၄ စတုရန်းပေ ကျယ်ဝန်းသည့် Premier Office Complex တစ်ခုဖြစ်ပြီး PTTEP သည် (၃) လွှာ၊ (၄) လွှာနှင့် (၇) လွှာတို့တွင်လည်းကောင်း၊ Roche သည် (၅) လွှာတွင်လည်းကောင်း၊ ရုံးခန်းများ အသီးသီးဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

Myint & Associates Construction ကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာဖြစ်သော ဦးစိုးခိုင်မှ "PTTEP နဲ့ Roche ကုမ္ပဏီတို့ကိုကြိုဆိုရင်း ကျွန်တော်တို့ရဲ့ ရုံးအဆောက်အဦမှာ ရုံးခန်းနေရာငှားရမ်းမှုများ ရာနှုန်းပြည့်ပြီးပြည့်စုံသွားပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ သတင်းစကားပါးလိုပါတယ်။ မြန်မာနိုင်ငံမှာ လုပ်ငန်းလာရောက်လုပ်ကိုင်နေတဲ့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေအနေနဲ့ မိမိတို့လုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်ဖို့နဲ့ ပိုမိုအဆင့်မြင့်ကောင်းမွန်တဲ့ အဆောက်အဦတွေမှာ ပြောင်းလဲငှားရမ်းဖွင့်လှစ်ဖို့ ကြိုးစားလာကြတဲ့အတွက် ၂၀၁၆ ခုနှစ်ရဲ့ဒုတိယနှစ်ဝက်ပိုင်းမှာ ရုံးခန်းငှားရမ်းလိုမှုတွေတိုးပွားလာတာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်" ဟု ပြောကြားခဲ့ပါသည်။ အသစ်ငှားရမ်းရောက်ရှိလာသည့်ကုမ္ပဏီများသည် ယခင်ရုံးခန်းငှားရမ်းထားပြီးဖြစ်သည့် Australia သံရုံး၊ MPRL E&P Groups of Companies များနှင့်ယှဉ်တွဲ၍ Vantage Tower တွင် ရုံးခန်းများဖွင့်လှစ်ကာ လုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ပြည်လမ်းမကြီးပေါ်တွင် အထင်ကရတည်ရှိသော Vantage Tower သည် အထပ်ပေါင်း (၁၈) ထပ်ပါဝင်သော အဆောက်အဦဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ပထမအကြိမ် မြန်မာ့အိမ်ခြံမြေဆုပေးပွဲ (Myanmar Property Awards) တွင် Best Office Development၊ Best Commercial Development နှင့် Best Office Architectural Design ဟူ၍ ဆုပေါင်း (၃) ဆုကိုဆွတ်ခူးခဲ့သဖြင့် အိမ်ခြံမြေဈေးကွက်တွင် ထိပ်တန်းရုံးအဆောက်အဦတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းအားရယူနိုင်ခဲ့ပါသည်။ Vantage Tower ၏ အထွေထွေမန်နေဂျာဖြစ်သော Nathanat Meesuk က "Vantage Tower မှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မရှိ လျှောင်ဒဏ်ခံနိုင်မှု၊ လေပြင်းဒဏ်ခံနိုင်မှု၊ မီးဘေးကာကွယ်မှု၊ အရေးပေါ်ကယ်ဆယ်ရေး၊ ဝင်ခွင့်ကိုထိန်းချုပ်ထားတဲ့ လုံခြုံရေးစနစ်၊ ICT Supporting Infrastructure အားလုံးကို စံချိန်စံနှုန်းများသတ်မှတ်ကာ တပ်ဆင်အသုံးပြုထားတာကို တွေ့ရပါလိမ့်မယ်။"

"အထူးအားဖြင့်၊ ကျွန်တော်တို့ရဲ့ Health and Safety စံနှုန်းတွေကြောင့် ကမ္ဘာ့အဆင့် (World Class) အပြည့်ပြည်ဆိုင်ရာ အခြေစိုက်စီးပွားရေး လုပ်ငန်းကြီးတွေနဲ့ သံတမန်အဖွဲ့အစည်းတွေရဲ့ စိတ်ဝင်စားမှုကို ရရှိခဲ့ပါတယ်။ အကြောင်းကတော့ အဆိုပါအဖွဲ့အစည်းကြီးတွေဟာ Safety and Security နဲ့ပတ်သက်ပြီး အထူးတင်းကြပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ထားလို့ဖြစ်ပါတယ်။ အဲဒီလို လိုအပ်ချက်တွေကို ဖြည့်ဆည်းပံ့ပိုးနိုင်တဲ့ အဆောက်အဦဆိုတာ Vantage Tower ကလွဲလို့ ဈေးကွက်ထဲမှာ အခြားမည်သည့်အဆောက်အဦမျှမရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ ငှားရမ်းသူအသစ်များကို အဆင့်မြင့်ရုံးခန်းနေရာများ ငှားရမ်းပေးနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပြီး၊ နည်းပညာမြင့်မားပြီး နွေးထွေးပျူငှာတဲ့အဆောက်အဦစီမံခန့်ခွဲမှုတွေ ဝန်ဆောင်မှုတွေကို ဆက်လက်ရရှိစေမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

Vantage Tower သည် ယာဉ်အစီးရေ (၁၄၄) စီးရပ်နားနိုင်သော Car Parking ၊ ရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အားအရံထားရှိမှု၊ မြန်နှုန်းမြင့်အင်တာနက်အပါအဝင် Quality Supporting Infrastructure များကို ဖြည့်ဆည်းပေးထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ပထမဆုံး Uptime Institute (USA) certified Tier III Data Center ဖြစ်သော Myint & Associates Data Center လည်းပါဝင်ပါသည်။ Vantage Tower သည် ရန်ကုန်မြို့တွင် အဆောက်အဦဒီဇိုင်းနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် အကောင်းဆုံးစံနမူနာဖြစ်ခဲ့ပြီး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ပါမောက္ခများ၊ Committee for Quality Control of High Rise Building Construction Projects (CQHP) မှ အဖွဲ့ဝင်များလည်း အဆောက်အဦတည်ဆောက်ဆဲကာလအတွင်း လာရောက်လေ့လာခဲ့ကြပါသည်။

မီဒီယာများ ဆက်သွယ်မေးမြန်းလိုပါက။

ဒေါ်ဝတ်မှုန်တင်လတ်
**Senior Communications Officer**
**CSR & Communications Department**
**MPRL E&P Pte Ltd.**
**Mobile : + 959 250641928**
**Email : withmone.t.latt@mprlexp.com**